SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com


## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေးချိုးဖောက်မှုထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် ဩဂုတ်လ ၇ ရက်

## သီပေါ၊ မိုးကုတ်၊ ကျောက်မဲ၊ နောင်ချို၊ ကွတ်ခိုင်မြို့တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ၃၅ ဦး သေဆုံးပြီး ၅၅ ဦးထိခိုက်ဒဏ်ရာရရှိ၊ တရုတ်ပိုက်လိုင်းများကိုလည်း ခြိမ်းခြောက်လျက်ရှိ

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၅ရက်နေ့မှ ဩဂုတ်လ ၄ရက်အတွင်း ၂၀၂၄ခုနှစ်မှစ၍ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA ) နှင့် မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ထိန်းချုပ်ရာဒေသများ ဖြစ်သည့် သီပေါ၊ မိုးကုတ်၊ ကျောက်မဲ၊ နောင်ချိုနှင့် ကွတ်ခိုင်မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ၃၅ ဦးသေဆုံးပြီး အခြား ၅၅ ဦးဒဏ်ရာရရှိကာ အဆောက်အဦး ၆၀လုံး ကျော် ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၅ ဇူလိုင်လ(၁၅)ရက်မှ ဩဂုတ်လ (၃)ရက်ထိ သီပေါ၊ကျောက်မဲ၊နောင်ချို၊ကွတ်ခိုင် မြို့နယ်များတွင် အရပ်သားများအား ထိခိုက်သေဆုံးစေခဲ့သည့်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှု






*ကျောက်မဲမြို့ရှိစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု*

ကျောက်မဲမြို့နယ်နှင့် သီပေါမြို့ နယ်တို့တွင် စစ်ကောင်စီသည် လေကြောင်းတိုက် ခိုက်မှုများနှင့် လက်နက် ကြီးပစ်ခတ်မှုများကို တရုတ်၏ ရေနံနှင့် သဘာဝဓာတ် ငွေ့ပိုက်လိုင်း များနှင့် အလွန်နီးကပ်စွာ ပြုလုပ်လျက်ရှိသဖြင့် ပိုက် လိုင်း ပေါက်ကွဲမှုများဖြစ်ပေါ်လာမည့်အရေး စိုးရိမ်မှုများ တဖန်မြင့်တက်လာ လျက်ရှိသည်။ ထိုမြို့နယ်နှစ်ခုလုံးရှိ ပိုက်လိုင်းထိန်းချုပ်စက်ရုံများအနီးတွင် ဗုံးများကျရောက်ပေါက်ကွဲလျက်ရှိရာ ပိုက်လိုင်းအစိတ်အပိုင်းများ မြေပေါ် သို့ ထွက်ပေါ်လာလျက်ရှိသဖြင့် လောင်စာများကြောင့် ပေါက်ကွဲမှုများနှင့် မီးလောင်မှုများကို ပိုမိုဖြစ်ပေါ်စေ နိုင် သည်။


ကျောက်မဲမြို့ရှိ ပိုက်လိုင်းများအနီး တိုက်ခိုက်မှုများကို ဂုတ်ထိပ်တံတားတွင် တပ်စွဲထားသော စစ်ကောင်စီတပ်သားများက ပြုလုပ်လျက်ရှိပြီး ပိုက်လိုင်းများတစ်လျှောက်နှင့် ပိုက်လိုင်းထိန်းချုပ်စက်ရုံများပေါ်သို့ လက်နက်ကြီးများနှင့် ဒရုန်း တိုက်ခိုင်မှုများ တိုက်ရိုက်ပြုလုပ်လျက်ရှိသည်။ ဇူလိုင်လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ပန်ပေါင်း၊ ပင်တိန်နှင့်နောင်ပိန် ကျေးရွာများတွင် လက်နက်ကြီးကျည် ၁၇လုံးကျော်နှင့် ဒရုန်းဗုံး ၃လုံး ကျ ရောက်ပေါက်ကွဲသဖြင့် ကိုရင် ၁ ပါး အပါအဝင် အရပ်သား ၅ ဦး သေဆုံးကာ အခြားကိုရင်ငယ် ၅ဦး ဒဏ်ရာရရှိပြီး စစ်ဘေးရှောင်များ ခိုလှုံနေသော ဘုန်းကြီးကျောင်း ၁ကျောင်းအပါအဝင် ဘုန်းကြီးကျောင်း ၂ ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၅ ဇူလိုင်လ ၂၅ရက်မှ ၃၁ ရက်ထိ နေ့တွင် ကျောက်မဲမြို့နယ်ရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းအနီး စစ်ကောင်စီမှဒရုန်းဖြင့်တိုက်ခိုက်မှုနှင့်လက်နက်ကြီးပြစ်ခတ်မှု



ဇူလိုင်လ ၁၉ ရက်နေ့နှင့် ဩဂုတ်လ ၃ရက်နေ့အတွင်း သီပေါမြို့တွင် စစ်ကောင်စီက လေကြောင်းမှ ဖျက်အား ပြင်းသည့် ပေါင်၅၀၀ဖုံးနှင့် ပေါင် ၂၅၀ဖုံးများ ကြဲချခဲ့ရာ မြို့၏ မြောက်ဖက်စွန်း ပိုက်လိုင်းများအနီး ကျရောက် ပေါက်ကွဲခဲ့သည်။ ဖုံးတစ်လုံးသည်ရွာသစ် ကျေးရွာအနီးကျရောက်ပေါက်ကွဲခဲ့ပြီး ပိုက်လိုင်းများသည် ထိုရွာ၏ အရှေ့ဘက်စွန်း မီတာ ၁၀၀ အကွာတွင်သာ တည်ရှိသည်။

၂၀၂၅ ဇူလိုင်လ(၁၉)ရက်မှဩဂုတ်လ(၃)ရက်ထိ သီပေါအတွင်း အရပ်သားများအားထိခိုက်သေဆုံးစေခဲ့သည့်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု




## စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု အသေးစိတ်အချက်အလက်

ဇူလိုင်လ ၁၅ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ကျောက်မဲမြို့နယ်မြောက်ပိုင်းရှိ မိုင်းငေါ့ကျေးရွာကို စစ်ကောင်စီသည် ဂျက်ဖိုက် တာလေယာဉ်ဖြင့် ဖုံးတစ်လုံး ကြဲချခဲ့သဖြင့် မြို့အနီးရှိ အဓိကအသုံးပြုလျက်ရှိသော တံတားပျက် စီးခဲ့ သည်။

ဇူလိုင်လ ၁၉ရက်နေ့ နေ့လည် ၁၁း၄၉ နာရီတွင် စစ်ကောင်စီသည် သီပေါမြို့ပေါ်သို့ ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဖုံး ၃လုံး ကြဲချခဲ့သည်။ ဖုံးတစ်လုံးသည် ဇာတ်စုရပ်ကွက်ရှိ သီပေါထောင်ပေါ်သို့လည်းကောင်း၊ နောက်ဖုံးတစ်လုံးသည် ဇာတ်စု ပန်းခြံပေါ်သို့လည်းကောင်း၊ အခြားဖုံးတစ်လုံးသည် ပန်းတိမ်တောင်ရပ်ကွက်ရှိ အမှတ် (၁) မူလတန်း ကျောင်း ပေါ်သို့ လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျောင်း ၁ ကျောင်းနှင့် နေအိမ် ၃လုံး ထိခိုက်ပျက်စီး ခဲ့သည်။

ဇူလိုင်လ ၂၀ ရက်နေ့ ညနေ ၃နာရီ၌ ဂုတ်ထိပ်တံတားတွင် တပ်စွဲထားသော စစ်ကောင်စီတပ်သားများသည် နောင်ချို မြို့နယ်ရှိ နောင်ပစ်ကျေးရွာအတွင်းသို့ ဂုတ်ထိပ်တံတားမှနေ၍ လက်နက်ကြီးကျည် ဂုလုံးနှင့် ဒရုန်းများ ဖြင့် တိုက်ခိုက်ခဲ့သဖြင့် အရပ်သား ၂ ဦး (အသက် ၃၅ နှစ်အရွယ်မိခင်ဖြစ်သော မခိုင်နှင့် သူ၏သမီး အသက် ၉ နှစ် အရွယ် နန်းရွှေစင်လင်း) သေဆုံးပြီး နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၉ ရက်နေ့ နံနက် ၁ နာရီတွင် စစ်ကောင်စီသည် သီပေါမြို့မြောက်ဖက်စွန်းရှိ တုံစင့်ကျေးရွာကို ဂျက်ဖိုက် တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံးတစ်လုံး ကြဲချခဲ့ရာ နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၃ ရက်နေ့ နေ့လည်တွင် စစ်ကောင်စီသည် သီပေါမြို့ရှိ ၎င်းတို့၏ခြေလျင်တပ် နေရာဟောင်းကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံးတစ်လုံးကြဲချခဲ့ရာ တပ်အတွင်းရှိ အစည်းအဝေးခန်း ၁ခန်း ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၅ ရက်နေ့ နေ့လည် ၁၂ နာရီတွင် ဂုတ်ထိပ်တံတားတွင် တပ်စွဲထားသော စစ်ကောင်စီတပ်သားများသည် ကျောက်မဲမြို့နယ်ရှိ ပန်ပေါင်းကျေးရွာကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်။ ဒရုန်းဗုံး ၃လုံးကြောင့် အရပ်သား အမျိုးသား ၁ဦး သေဆုံးပြီး ၂ဦး ဒဏ်ရာရရှိကာ နေအိမ် ၅ လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၆ ရက်နေ့ မွန်းတည့်ချိန်မှ ညနေ ၃ နာရီအတွင်း စစ်ကောင်စီတပ်သားများသည် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်တံတားမှ နေ၍ ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ၈လုံးဖြင့် ပစ် ခတ်ခဲ့ သည်။ လက်နက်ကြီး၃လုံးသည် ရပ်ကွက် (၃) ပေါ်သို့ ကျရောက်ခဲ့သဖြင့် ကျောက်မဲဈေးတွင် အသားရောင်း နေ သည့် အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့သည်။ ကျည်၁လုံးသည် ရပ်ကွက်(၁) ပေါ်သို့လည်းကောင်း၊ ကျည် ၃ လုံး သည် ရပ်ကွက်(၂)ပေါ်သို့လည်းကောင်း၊ အခြားကျည်၁လုံးသည် ရပ်ကွက် (၄) ရှိ မီးရထားလမ်းပေါ်သို့ လည်း ကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၆ ရက်နေ့တွင် စစ်ကောင်စီသည် မိုးကုတ်မြို့၊ ကျပ်ပြင် ရပ်ကွက်ရှိ ရွှေလိပ်ပြာဟိုတယ်ကို ဂျက်ဖိုက် တာ လေယာဉ်ဖြင့် ဗုံးကြဲခဲ့သဖြင့် အရပ်သား ၁ ဦးသေဆုံးပြီး အခြား ၅ ဦး ဒဏ်ရာရရှိကာ နေအိမ်အချို့ ထိခိုက် ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၉ ရက်နေ့ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း စစ်ကောင်စီသည် မိုးကုတ်မြို့အရှေ့ပိုင်းရှိ QR ဟိုတယ်နှင့် မင်း တံတားရပ်ကွက်တို့ကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၃လုံး နှင့် ပေါင် ၂၅၀ ဗုံး၂လုံး ကြဲချခဲ့ရာ အရပ်သား ၄ ဦးသေဆုံးပြီး အခြား ၉ဦး ဒဏ်ရာရရှိကာ နေအိမ် ၁၈လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၉ ရက်နေ့ ညနေ ၅ နာရီတွင် စစ်ကောင်စီသည် ကျောက်မဲမြို့နယ်မြောက်ပိုင်း၊ မိုင်းလုံမြို့၊ ကန်နီ ရပ် ကွက်ပေါ်သို့ ပေါင်၂၅၀ ဗုံး တစ်လုံးကြဲချခဲ့သဖြင့် နေအိမ်အချို့ ထိခိုက်ပျက်စီးပြီး အမျိုးသားတစ်ဦး သေဆုံး ခဲ့သည်။ ညနေ ၅း ၃၀ နာရီတွင် စစ်ကောင်စီသည် ကျောက်မဲမြို့ ပလောင်ကုန်းပေါ်သို့ ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံး တစ်လုံး ကြဲချခဲ့ရာ အရပ်သား ၁ ဦးသေဆုံးပြီး အခြား ၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၃၀ ရက်နေ့ နံနက် ၁ နာရီတွင် စစ်ကောင်စီသည် ကွတ်ခိုင်မြို့ ရပ်ကွက်၂ ပေါ်သို့ လေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံး ၂ လုံး ကြဲချခဲ့ရာ နေအိမ် ၂ လုံးနှင့်ရာစုသစ်ဟိုတယ် ပျက်စီးခဲ့ပြီး အရပ်သား ၇ ဦး (ကလေး ၁ ဦး၊ အမျိုးသား ၄ ဦး နှင့် အမျိုး သမီး ၂ ဦး) သေဆုံးခဲ့ပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၃၀ ရက်နေ့ မွန်းလွဲ ၂း၃၀ နာရီတွင် စစ်ကောင်စီတပ်သားများသည် နောင်ချိုမြို့နယ်၊ နောင်ပိန် ကျေးရွာအတွင်းသို့ ဂုတ်ထိပ်တံတားမှနေ၍ လက်နက်ကြီးကျည် ၉ လုံးဖြင့် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် စစ်ဘေးရှောင်များ ခိုလှုံနေသည့် ဘုန်းကြီးကျောင်း တစ်ကျောင်းပေါ်သို့ ကျရောက်ခဲ့ပြီး နေအိမ်အချို့ ပျက်စီးကာ ကိုရင်တစ်ပါးသေဆုံးပြီး အခြားကိုရင် ၅ ပါး ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၃၀ရက်နေ့တွင် နောင်ချိုမြို့နယ်ရှိ ဟိုခိုကျေးရွာ၌ စစ်ကောင်စီနှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကောင်စီသည် ဟိုခိုကျေးရွာပေါ်သို့ ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံး၂ လုံး၊ လက်နက်ကြီးကျည် ၁၀ လုံးနှင့် ဒရုန်းဗုံး ၂ လုံး ကြဲချခဲ့ရာ အမျိုးသမီး တစ်ဦးသေဆုံးပြီး နေအိမ်၂ လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၃၁ ရက်နေ့ နံနက် ၉ နာရီတွင် နောင်ချိုမြို့ရှိ စစ်ကောင်စီတပ်သားများသည် ကျောက်မဲမြို့နယ်၊ နောင်ပိန် ကျေးရွာအုပ်စု၊ ပင်တိန်ကျေးရွာအတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် ပင်တိန် ဘုန်းကြီးကျောင်းကို ထိမှန်ခဲ့ပြီး ကံကောင်းစွာဖြင့် ထိခိုက်မှုများ မရှိခဲ့ပေ။

ဇူလိုင်လ ၃၁ ရက်နေ့ နံနက် ၉ နာရီတွင် စစ်ကောင်စီသည် နောင်ချိုမြို့နယ်ရှိ တိုးပင်ကျေးရွာကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင်၂၅၀ဗုံး ၂လုံး ကြဲချခဲ့ရာ အသက်၃၂နှစ်အရွယ်အမျိုးသမီးတစ်ဦးသေဆုံးပြီး အသက်၄၂နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ၆၈နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိကာ နေအိမ် ၈လုံးနှင့် ကားသစီး ပျက်စီးခဲ့သည်။

ဩဂုတ်လ ၂ရက်နေ့ နံနက် ၈း၃၀ နာရီတွင် စစ်ကောင်စီသည် မိုးကုတ်မြို့ အောင်သုခရပ်ကွက်နှင့် ဂေါင်းဦးဘာရပ်ကွက်ပေါ်သို့ ပေါင် ၅၀၀ဗုံး ၂လုံး ကြဲချခဲ့ရာ ဘုန်းကြီးတစ်ပါးအပါအဝင် အရပ်သား၁၂ဦး သေဆုံးပြီး အခြားအရပ်သား ၁၃ဦး ဒဏ်ရာရရှိကာ နေအိမ် ၁၀လုံး၊ ကား၃စီးနှင့် ဆိုင်ကယ်၃ဦး ပျက်စီးခဲ့သည်။

ဩဂုတ်လ ၃ရက်နေ့ ညနေ ၃နာရီတွင် စစ်ကောင်သည် သီပေါမြို့မြောက်ဖက်စွန်းကို လေယာဉ်ဖြင့် ဗုံး၄လုံး ကြဲချခဲ့သည်။ ဗုံး၃လုံးသည် တုံစင့်ကျေးရွာအနီးရှိ စစ်ကောင်စီခြေလျင်တပ် ၂၃ တပ်ဟောင်းသို့ ကျရောက် ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးသည် ရွာသစ်ကျေးရွာပေါ်သို့ ကျရောက်ခဲ့သဖြင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ဩဂုတ်လ ၄ ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် စစ်ကောင်စီသည် မီးရထားလမ်းအနီးရှိ ကျောက်မဲမြို့၊ ရပ်ကွက်(၆) ကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံးကြဲချခဲ့ရာ အရပ်သား ၃ ဦးသေဆုံးပြီး ကိုယ်ပိုင်ကျောင်းတစ်ကျောင်း၊ ဆေးခန်းတစ်ခုနှင့် နေအိမ် ၁၀ လုံး ပျက်စီးခဲ့သည်။

လက်ရှိတွင် နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့မှ အသစ်ရောက်ရှိလာသော စစ်ဘေးရှောင် ၁၀၀၀၀ ကျော်သည် အနီးနားရှိ နေရာများတွင် ခိုလှုံနေကြရပြီး အခက်အခဲကြီးမားစွာ ရင်ဆိုင်နေရသည်။

| **သီပေါ၊ မိုးကုတ်၊ ကျောက်မဲ၊ နောင်ချိုနှင့် ကွတ်ခိုင် မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုစာရင်း (ဇူလိုင်လ ၁၅ရက် - ဩဂုတ်လ၊ ၂၀၂၅ခုနှစ်)** | | | | | | |
|---|---|---|---|---|---|---|
| **စဉ်** | **ရက်စွဲ** | **ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်** | **ဖြစ်စဉ်** | **အရပ်သား သေဆုံးမှု** | **အရပ်သား ဒဏ်ရာရမှု** | |

| | | | | **အချက် အလက်** | **ဦးရေ** | **အချက် အလက်** | **ဦးရေ** | **ပြည်သူပိုင် အဆောက်အအုံ၊ ပစ္စည်း ပျက်စီးမှု** |
|---|---|---|---|---|---|---|---|---|
| ၁ | ၁၅.၇.၂၅ | မိုင်းငေါ့မြို့နယ်ခွဲ ကျောက်မဲ | နံနက်၁နာရီတွင် စစ်ကောင်စီသည် မြို့အနီးတွင် ဂျက်ဖိုက်တာ လေယာဥ်ဖြင့် ဗုံးတစ်လုံးကြဲ | | | | | တံတားပျက်စီး |
| ၂ | ၁၉.၇.၂၅ | ဇာတ်စုရပ်၊ပန်း တိမ်တောင်ရပ် သီပေါ | ည ၁၁း၄၉ နာရီတွင် စစ်ကောင်စီသည် သီပေါမြို့ပေါ်သို့ ဂျက်ဖိုက်တာ လေယာဥ်ဖြင့် ဗုံး၃လုံးကြဲ | | | | | စာသင်ကျောင်း ၁ကျောင်း၊ နေအိမ် ၃လုံး ပျက်စီး |
| ၃ | ၂၀.၇.၂၅ | နောင်ပစ်ကျေးရွာ နောင်ချို | ညနေ ၃နာရီတွင် စစ်ကောင်စီတပ်သား များသည် လက်နက်ကြီး ၇လုံး ပစ်ခတ်ပြီးနှင့် ဒရုန်းဖြင့် ဗုံးကြဲ | | ၂ | | | နေအိမ်အချို့ ပျက်စီး |
| ၄ | ၂၀.၇.၂၅ | တုံစင့်ကျေးရွာ သီပေါ | နံနက်၁နာရီတွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဥ်ဖြင့် ပေါင်၅၀၀ ဗုံးတစ်လုံးကြဲ | | | | | နေအိမ်အချို့ ပျက်စီး |
| ၅ | ၂၃.၇.၂၅ | ခလရ၂၃တပ်ဟောင်း သီပေါ | နေ့လည်ပိုင်းတွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဥ်ဖြင့် ပေါင်၂၅၀ဗုံး တစ်လုံးကြဲ | | | | | အစည်းအဝေးခန်း ပျက်စီး |
| ၆ | ၂၅.၇.၂၅ | ပန်ပေါင်းကျေး ရွာ ကျောက်မဲ | နံနက် ၁၁နာရီတွင် စစ်ကောင်စီသည် | | ၂ | | | နေအိမ်အချို့ ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ဒရုန်းဖြင့် ဗုံး၃လုံး ကြဲ | | | | | |
| ၇ | ၂၆.၇.၂၅ | နောင်ပိန်ကျေးရွာ ကျောက်မဲ | နေ့လည် ၁၂-၃နာရီ အတွင်း စစ်ကောင်စီ တပ်သားများသည် နောင်ချိုမြို့မှ လက်နက်ကြီးကျည် ၈လုံး ပစ်ခတ် | ကျား၁၊ မ၁ | ၂ | | | နေအိမ်အချို့ ပျက်စီး |
| ၈ | ၂၆.၇.၂၅ | ကျပ်ပြင်ရပ် မိုးကုတ် | ညနေ ၅နာရီတွင် စစ်ကောင်သည် ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံးကြဲ | | ၁ | | ၅ | နေအိမ်အချို့၊ ဟိုတယ်၁လုံး ပျက်စီး |
| ၉ | ၂၉.၇.၂၅ | QR ဟော်တယ် မင်းတံတားရပ် မိုးကုတ် | နံနက် ၉-၁၀ နာရီ အတွင်း စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင်၅၀၀ဗုံး ၃လုံး၊ ပေါင်၂၅၀ဗုံး ၂လုံးကြဲ | | ၄ | | ၉ | နေအိမ်အချို့၊ ဟိုတယ်၁လုံး ပျက်စီး |
| ၁၀ | ၂၉.၇.၂၅ | ကန်နီရပ် မိုင်းလုံမြို့နယ် ကျောက်မဲ | ညနေ ၅နာရီတွင် စစ်ကောင်စီသည် လေယာဉ်ဖြင့် ပေါင်၂၅၀ဗုံး တစ်လုံးကြဲ | ကျား ၁ | ၁ | | | နေအိမ် ၇လုံး ပျက်စီး |
| ၁၁ | ၂၉.၇.၂၅ | ပလောင်ကုန်း မိုင်းလုံမြို့နယ် ကျောက်မဲ | ၅း၃၀ နာရီတွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံးတစ်လုံး ကြဲ | | ၁ | | ၅ | နေအိမ်အချို့ ပျက်စီး |
| ၁၂ | ၃၀.၇.၂၅ | ရပ်ကွက် ၂ ကွတ်ခိုင် | နံနက် ၁နာရီတွင် စစ်ကောင်စီသည် လေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံး ၂ လုံး ကြဲ | ဟိုတယ် တွင် ၅ ဦး၊ နေ အိမ် တွင် ၂ဦး | ၇ | | ၁၃ | နေအိမ်၂လုံး နှင့် ဟော်တယ် ၁လုံး ပျက်စီး |
| ၁၃ | ၃၀.၇.၂၅ | နောင်ပိန်ရွာ ကျောက်မဲ | ညနေ ၂း၃၀ နာရီတွင် စစ်ကောင်စီသည် | ကိုရင် ၁ပါး | ၁ | | ၅ | ဘုန်းကြီးကျောင်း တစ်ကျောင်း ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | နောင်ချိုမြို့မှနေ၍ ဘုန်းကြီးကျောင်း တစ်ကျောင်းကို လက်နက်ကြီးဖြင့် ပစ်ခတ် | | | | | |
| ၁၄ | ၂၀.၇.၂၅ | ဟိုခိုရွာ နောင်ချို | စစ်ကောင်စီသည် လေယာဉ်ဖြင့် ဗုံး၂လုံး၊ လက်နက်ကြီး ၁၀လုံး၊ ဒရုန်းဗုံး ၂လုံး ကြဲချပစ်ခတ် | မ ၁ | ၁ | | | နေအိမ်၂လုံး ပျက်စီး |
| ၁၅ | ၂၁.၇.၂၅ | ပင်တိန်ရွာ နောင်ပိန်အုပ်စု ကျောက်မဲ | နံနက် ၉နာရီတွင် စစ်ကောင်စီသည် နောင်ချိုမြို့မှနေ၍ ဘုန်းကြီးကျောင်း တစ်ကျောင်းကို လက်နက်ကြီးဖြင့် ပစ်ခတ် | | | | | ဘုန်းကြီးကျောင်း တစ်ကျောင်း ပျက်စီး |
| ၁၆ | ၂၁.၇.၂၅ | ဒိုးပင်ရွာ နောင်ချို | စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံး၂လုံးကြဲ | မ ၁ | ၁ | ကျား၁၊ မ၁ | ၂ | နေအိမ်၈လုံး၊ ကား၁စီး ပျက်စီး |
| ၁၇ | ၂.၈.၂၅ | အောင်သုခရပ် ဂေါင်းဦးဘာရပ် မိုးကုတ် | နံနက် ၈း၃၀ နာရီတွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင်၅၀၀ ဗုံး ၂လုံးကြဲ | | ၁၂ | | ၁၃ | နေအိမ်၁၀လုံး၊ ကား၃စီး၊ ဆိုင်ကယ်၃စီး ပျက်စီး |
| ၁၈ | ၃.၈.၂၅ | တုံစင့်ရွာ ရွာသစ်ရွာ သီပေါ | နံနက်၃နာရီတွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံး၄လုံးကြဲ | | | | | နေအိမ်အချို့ ပျက်စီး |
| ၁၉ | ၄.၈.၂၅ | ရပ်ကွက် ၆ ကျောက်မဲ | နံနက် ၁၀း၃၀နာရီတွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ | | | ၃ | ၃ | နေအိမ်၁၀လုံး၊ ကိုယ်ပိုင်ကျောင်း ၁ကျောင်း၊ ဆေးခန်း ၁ခု |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | လေယာဉ်ဖြင့် ပေါင်၅၀၀ ဗုံး၂လုံးကြဲ | | | | | |
| | | | **စုစုပေါင်း** | **၃၅ ဦး** | | **၅၅ ဦး** | | **နေအိမ် ၅၀လုံး ကျော်၊ ဆေးခန်း ၁ခု၊ ဟော်တယ် ၃လုံး၊ ဘုန်းကြီးကျောင်း ၂ကျောင်း၊ စာသင်ကျောင်း ၂ကျောင်း၊ ကား၃စီး၊ ဆိုင်ကယ် ၃စီး ပျက်စီး** |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94 728 6696 Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျန်းဟန် +1 825 425 4099 Signal (မြန်မာ)